**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၂၂)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၆။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၆ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၁.၁၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၂၃-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတက်ရောက်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးငွေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ သိမ်းဆည်းခံ လယ်ယာမြေမှုခင်းများ စိစစ်ဆောင်ရွက်ရေး အစည်းအဝေး။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၆)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက် ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဆော့လော်မြို့နယ်အတွင်းရှိ ဂျော်မောအုပ်စု ယက်ယော်ကျေးရွာ၊ ပရဲ့အုပ်စု ဝဆုတ်ကျေးရွာ၊ ယော်ဂျောအုပ်စု ယော်ဂျောကျေးရွာနှင့် ဂျာရန်အုပ်စု ဖောင်းဂျာကျေးရွာတို့တွင် ကျန်းမာရေးဌာန(ခွဲ)များ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးယောနာ က ဆော့လော်မြို့နယ်အတွင်းရှိ ဂျော်မောအုပ်စု ယက်ယော်ကျေးရွာ၊ ပရဲ့အုပ်စု ဝဆုတ်ကျေးရွာ၊ ယော်ဂျောအုပ်စု ယော်ဂျောကျေးရွာနှင့် ဂျာရန်အုပ်စု ဖောင်းဂျာကျေးရွာတို့တွင် ကျန်းမာရေးဌာန(ခွဲ)များ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆော့လော်မြို့နယ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးယောနာ ဖြစ်ပါသည်။ ယခု ကျွန်တော် မေးမြန်းသွားမှာကတော့ ဆော့လော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၄)အုပ်စုတွင် ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းများ မေးမြန်းသွားမှာဖြစ်ပါတယ်။

အဆိုပါ ကျေးရွာအုပ်စုများသည် ဆော့လော်မြို့နယ်မှ မိုင်(၅၀)ကျော်၊ မိုင်(၇၀)ခန့် ကွာဝေးလျက်ရှိပြီး ကျေးရွာအုပ်စု တစ်အုပ်စုနှင့်တစ်အုပ်စုလည်း (၁၅)မိုင်နှင့် မိုင်(၂၀)ခန့် ကွာဝေးလျက်ရှိပါသည်။ ယခင်အစိုးရ ခေတ်အဆက်ဆက်တွင် နယ်မြေဒေသအေးချမ်းတည်ငြိမ်မှု မရှိခဲ့သောကြောင့် တရားဥပဒေစိုးမိုးမှုလည်း အားနည်းခဲ့ပါသည်။ ယခုအခါတွင် တရားဥပဒေစိုးမိုးမှု ကောင်းမွန်လာပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ကျေးရွာအုပ်စုများမှာ (က) ဂျော်မောအုပ်စု ယက်ယော်ကျေးရွာ၊ (ခ) ပရဲ့အုပ်စု ဝဆုတ်ကျေးရွာ၊ (ဂ) ယော်ဂျောအုပ်စု ယော်ဂျောကျေးရွာ (ဃ) ဂျာရန်အုပ်စု ဖောင်းဂျာကျေးရွာများတွင် ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား လွှတ်တော်သို့ မေးမြန်းအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်

ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို ကောင်းကျိုးလိုရာဆန္ဒတွေနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြေပြင်သာအုပ်စု၊ မြေပြင်သာကျေးရွာတွင် တည်ရှိသော ကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့် ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

အခြေခံအကြောင်းပြချက်များကတော့ မြေပြင်သာအုပ်စု ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဟာ မြို့သစ်မြို့ရဲ့ အရှေ့တောင်ဘက်(၁၃)မိုင်ခန့်အကွာ၊ ဒန့်ဒလွန်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာန၏ မြောက်ဘက် (၂၇)မိုင်ခန့်အကွာတွင် တည်ရှိပါတယ်။ မြေပြင်သာကျေးလက်ကျန်းမာရေး ဌာန(ခွဲ)ကို ၁၉၇၆ ခု၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး နှစ်ပေါင်း (၄၀)ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ ပဲခူးရိုးမသစ်တောကြိုးဝိုင်း ဧရိယာတွင်ရှိပြီး စီးပွားရေးအနေအထားအရ စိုက်ပျိုးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ပြီး နှမ်း၊ ပဲမျိုးစုံ၊ စပါးစိုက်ပျိုးခြင်း၊ တစ်နိုင်တစ်ပိုင် အနေဖြင့် ဆိတ်၊ ကြက်၊ ဝက် များ မွေးမြူကြပါတယ်။ ကျပန်းလုပ်ငန်းများမှာ သစ်ခုတ်ခြင်း၊ ဝါးခုတ်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ပြီး အခြားဒေသများသို့လည်း သွားရောက်လုပ်ကိုင်ကြပါတယ်။ ကျေးရွာ အုပ်စုပေါင်း (၅)အုပ်စုရှိပြီး ပြည်ထဲရေးအမည်ပေါက် ကျေးရွာပေါင်း (၁၅)ရွာ၊ ပြည်ထဲရေးအမည် မပေါက်သေးသည့် ကျေးရွာပေါင်း(၁၅)ရွာ ရှိပါတယ်။ အိမ်ခြေစုစုပေါင်းမှာ (၃၃၃၇)အိမ်နှင့် စုစုပေါင်း လူဦးရေမှာ (၁၆၈၆၁)ဦး ရှိပါတယ်။ တစ်နှစ်အောက် ကလေးအရေအတွက် (၂၈၃)ဦးခန့်၊ (၅)နှစ်အောက် ကလေးအရေအတွက် (၁၄၄၄)ဦးခန့်၊ ကိုယ်ဝန်ဆောင်မိခင်(၁၃၁)ဦးခန့် ရှိပါတယ်။ မြို့သစ်မြို့ ပြည်သူ့ ဆေးရုံနှင့် (၁၃)မိုင်ခန့် ကွာဝေးပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ၏ အကျယ်အဝန်းမှာ (၃.၂၀)ဧက ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးမှာ ခြောက်သွေ့သော ပွင့်လင်းရာသီတွင် ကားများ၊ သုံးဘီး ဆိုင်ကယ်များ၊ ဆိုင်ကယ်များ၊ နွားလှည်းများဖြင့် သွားလာနိုင်သော်လည်း၊ မိုးတွင်းကာလတွင် တစ်ရွာမှ တစ်ရွာသို့ ခြေလျင်ခရီးဖြင့် အသုံးပြုရပါတယ်။ မြေပြင်သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဟာ ဒန့်ဒလွန်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော်လည်း လူဦးရေများပြားခြင်း၊ ကျေးရွာများ များပြားခြင်း၊ တောင်ပေါ်တဲစုများ ပြန့်ကျဲစွာ နေထိုင်မှုတို့ကြောင့် ကျန်းမာရေးဌာန ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု အားနည်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စေရန် မြေပြင်သာကျေးရွာ

ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ်အတွက် ဆေးကုရေယာဉ် "Swimming Doctor" အနည်းဆုံး (၁)စီးခန့် (သို့မဟုတ်) လုံလောက်စွာ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ်အတွက် ဆေးကုရေယာဉ် "Swimming Doctor" အနည်းဆုံး(၁)စီးခန့် (သို့မဟုတ်) လုံလောက်စွာ ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ်အတွက် ဆေးကုသဘော် "Swimming Doctor" အနည်းဆုံး(၁)စီးခန့် (သို့မဟုတ်) လုံလောက်စွာ ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရေလမ်းကိုသာ အဓိကထားနေရတဲ့ ဒေသဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသမှာရှိတဲ့ ပြည်သူ(၆)သန်းခန့်မှာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ လုံလောက်တဲ့ ဆေးဝါးစောင့်ရှောက်မှုများမှ ဝေးကွာလျက်ရှိကြတဲ့အတွက် ဒေသရှိပြည်သူများကို ဆေးဝါးကုသမှုပေးရန် "Swimming Doctor " ဆေးကုရေယာဉ်ကို ၂၀၁၀ ခုနှစ်မှာ ဂျာမနီအစိုးရရဲ့ အကူအညီနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဒုတိယမြောက် ဆေးကုရေယာဉ် "Swimming Doctor-2"ကို တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှစ၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေမှာ ပုံမှန်ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ တတိယမြောက် ဆေးကုရေယာဉ် "Swimming Doctor - 3" ကို ဂျာမနီနိုင်ငံ Stiftfun Glife Foundation ရဲ့ ပံ့ပိုးငွေနဲ့ Uniteam Marine (Yangon) Limited မှ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ၂၀၁၅ ခုနှစ်မှာ စာချုပ် ချုပ်ဆို အပ်နှံခဲ့ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့မှာ ရေချခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ တပ်မတော်မြစ်တွင်းသွား ဆေးကုရေယာဉ် ရွှေပုစွန်တစ်ခုနဲ့ ပင်လယ်သွား ဆေးရုံသင်္ဘော သံလွင်တို့နှင့်ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆေးကုသပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံတစ်နိုင်ငံမှာ ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခုရှိဖို့ လူ(၁၀၀၀၀)မှာ ကျန်းမာရေးဝန်ထမ်းအနည်းဆုံး (၂၂)ယောက်ရှိရန်

လိုအပ်ကြောင်း အကြံပြုထားပါတယ်။ မြန်မာတစ်နိုင်ငံလုံးရဲ့ ပျမ်းမျှကျန်းမာရေး လုပ်သားအင်အား ကတော့ လူ(၁၀၀၀၀)မှာ (၁၆)ဦးခန့်ရှိသော်လည်း ရခိုင်ပြည်နယ်မှာ (၅)ဦးသာရှိကြောင်း သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ မှတ်တမ်းများမှာ ရခိုင်ပြည်နယ်ဟာ မကျန်းမမာဖြစ်စေတဲ့ ထိပ်တန်းအကြောင်းအရင်းနဲ့ သေဆုံးစေတဲ့ ထိပ်တန်းအကြောင်းအရင်း အများဆုံး ဖြစ်ပေါ်နေတဲ့ဒေသဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ကလေးသေဆုံးမှု တစ်နိုင်ငံလုံး ပျမ်းမျှထက် မြင့်မားနေပါတယ်။ ကလေးမွေးဖွားနှုန်း ရိုးရိုး (၇.၂) ရာခိုင်နှုန်း၊ ခွဲစိတ် (၄)ရာခိုင်နှုန်းဟာ ဆေးရုံ၊ ဆေးခန်းရောက်လောက်အောင် မကျန်းမမာဖြစ်နေကြသော်လည်းဘဲ ကျွမ်းကျင်မှုမရှိတဲ့ အရပ်ဘက် ဆေးဆရာတွေနဲ့ ဆေးကုသနေကြရပါတယ်။ ဘင်္ဂါလီ အကြမ်းဖက်စဉ်ကာလအတွင်းမှာ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ သစ်မင်းပရဟိတအဖွဲ့နှင့် ပူးပေါင်းပြီး ဘူးသီးတောင်မြို့နယ် ကျေးရွာတွေမှာ သွားရောက်ပြီး ဆေးကုသပေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း သွေးဆိပ်တက်ခြင်းဟာ အဓိက သေဆုံးစေတဲ့ ပြဿနာဖြစ်ပြီး ဆေးရုံ၊ ဆေးခန်းများရဲ့ သန့်ရှင်းမှု၊ ပိုးမွှားကင်းစင်မှု မရှိတာတွေဟာ သွေးဆိပ် တက်စေတဲ့ အခြေအနေကို ပံ့ပိုးစေပါတယ်။ ရခိုင်ပြည်နယ်မှာ မသန်စွမ်းသူ (၁)သိန်းကျော်ခန့်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး(၁၄)ခုမှာ အမြင့်မားဆုံးဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်းက လေ့လာ တင်ပြထားပါတယ်။

ဆက်လက်ပြီး ရခိုင်လူထုအပေါ် သက်ရောက်မှုပေးနိုင်တဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာ များကို တင်ပြပါ့မယ်။ (၁) ဝင်ငွေ၊ ဝင်ငွေနဲ့ လူနေမှုအဆင့်အတန်းဟာ တိုက်ရိုက် အချိုးကျနေပါတယ်။ ဝင်ငွေကောင်းပြီး အဆင့်အတန်းမြင့်သူတွေဟာ ကျန်းမာရေးကောင်းမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ဆင်းရဲတဲ့ပြည်နယ် ဖြစ်နေပါတယ်။ (၂) မုန်တိုင်း၊ မြန်မာနိုင်ငံအတွင်း မုန်တိုင်းဒဏ် ခံရဆုံးဒေသဟာ ရခိုင်ပြည်နယ် ဖြစ်ပါတယ်။ မုန်တိုင်းကြောင့် ရေကြီးပြီးနောက် ရေက သယ်ဆောင်လာတဲ့ ရောဂါဖြစ်တဲ့ အူရောင်ငန်းဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ လက်ပ်တိုစပိုင်ရိုးစစ်ရောဂါ၊ အသည်းရောင်အသားဝါ ရောဂါ၊ ပိုးကသယ်ဆောင်လာတဲ့ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဝက်စ်ဗိုင်းရပ်ရောဂါတို့ ဖြစ်ပွားလျက် ရှိပါတယ်။(၃)စီမံကိန်းကြီးများ၊ ကမ္ဘာ့နိုင်ငံများမှ စီမံကိန်းကြီးတွေ အကောင်အထည်ဖော်ရာမှာ ဒေသခံ လူထုကျန်းမာရေးအပေါ် သက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်းလုပ်ငန်း (HIA)ကို စနစ်တကျ လေ့လာတာ သိရှိရပါတယ်။ ရခိုင်ပြည်နယ်မှာ ရွှေသဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ အရှေ့အလယ်ပိုင်းက သယ်ဆောင်လာတဲ့ ရေနံတင်သင်္ဘောဆိုက်ကပ်ဖို့ ဆိပ်ကမ်းဆောက်လုပ်မှု၊ ရေနံသိုလှောင်ကန်နှင့် ရေနံပို့စခန်းများဆောက်လုပ်မှု၊ ရေကြောင်းအသုံးချမှုများ ခွင့်ပြုပေးထားပါတယ်။ ဒီလုပ်ငန်းတွေ ကြောင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာပါက ရခိုင်လူထုအပေါ် သက်ရောက်နိုင်တဲ့ ကျန်းမာရေး ဆိုင်ရာ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ရခိုင်လူထုအကြား မေးခွန်းတွေ ဖြစ်ပေါ်လာတာ ကတော့ စီမံကိန်းကြီးများကြောင့် ရခိုင်တို့အတွက် ရလဒ်ဟာ ဆိုးကျိုးတွေပဲလားဆိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ ပထဝီအနေအထားအရလည်းကောင်း၊ သဘာဝ အရင်းအမြစ် ရရှိနိုင်မှုအခြေအနေအရလည်းကောင်း၊ လူဦးရေ အနေအထားအရလည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ထိပ်တန်းပြည်နယ်ဖြစ်တဲ့အပြင် ပထဝီနိုင်ငံရေးနှင့် နိုင်ငံရေးဘောဂဗေဒအရပါ အဓိက

အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ရခိုင်ပြည်နယ်ဟာ ကမ်းရိုးတန်းဒေသဖြစ်ပြီး မြစ်ချောင်းပေါ်များကာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသဖြစ်ပါတယ်။ ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု နိမ့်ကျလျက်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိတာကို တွေ့ရပါတယ်။ ပြည်သူအများစုမှာလည်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ကင်းဝေးလျက်ရှိကြတဲ့အတွက် ဆေးကုသဘော် "Swimmin g Doctor" များ ---------------

မြန်မာ့အလင်း သတင်းစာ၏ မြင်ကွင်းပုံ(တတ)


မြန်မာ့အလင်း
Established in 1914
Myanma Alinn Daily

ဂျာမနီအထောက်အပံ့ရေယာဉ်ဖြင့် မြစ်ဝကျွန်းပေါ်၌ အခမဲ့ဆေးကုသပေးမည်

ကံ့ကော်မြိုင်ရွာ၊ ဘူးသီးတောင်မြို့နယ်၏ မြင်ကွင်းပုံ(တတ-၁)



ကျောက်ဖြူခရိုင်အတွင်း စီမံကိန်းများ အကောင်အထည်ဖော်နေမှု မြင်ကွင်းပုံ(တတ-၂)



**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။ ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော် သိချင်တာက အခုတောင်းတာက "Swimming Doctor" ချပေးဖို့ လို/မလို ပေးဖို့တောင်းတာ။ အကြောင်းပြချက်တွေက သီးခြားစီ ဖြစ်နေတဲ့အခါကျတော့ ကိုယ်စားလှယ်ကြီးလိုချင်တဲ့အဆင့်ဟာ မရောက်ဘူးဖြစ်ပါတယ်။ နောက် ဒါလေးတွေပေ့ါ။ ကိုယ်လိုချင်တာ ကိုယ်တောင်းတာ ဘာလဲ။ တောင်းတဲ့အပေါ်မှာ မူတည်ပြီးတော့ မေးခွန်းဆိုတာ မေးရတာပါနော်။ မဆိုင်တဲ့ဟာတွေ လျှောက်မေးလိုက်တာက ကိုယ်စားလှယ်လိုချင်တာ မရတော့ဘူး။ မေးလို့မရတော့ဘူးဖြစ်သွားတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် ဦးယောနာ ၏ မေးခွန်းဖြစ်သော ကျေးရွာအုပ်စု(၄)စုတွင် Sub Centre များ၊ ကျန်းမာရေးဌာန(ခွဲ)များ ဖွင့်လှစ်ခြင်းကိစ္စနဲ့ ဖြေကြားမှာ ဖြစ်ပါတယ်။ Sub Centre များအမည် နည်းနည်းအသံထွက်မှားသွားရင်တော့ နည်းနည်းသည်းခံစေလိုပါတယ်။ ကချင်ပြည်နယ် ဆော့လော်မြို့နယ်တွင် ကျွန်တော်တို့ Rural Health Centre (၁)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)(၁)ခုနှင့် နယ်စပ်ဆေးခန်း(၁)ခု ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု

အနေနဲ့ကတော့ ကျန်းမာရေးမှူး(၁)ဦး၊ သားဖွားဆရာမ(၃)ဦး၊ ပြည်သူ့ကျန်းမာရေး လုပ်သား(၄)ဦး ရှိပါတယ်။ ဆော့လော်မြို့နယ်ကို ကျွန်တော်သေချာ လေ့လာပါတယ်ခင်ဗျား။ မြေပုံကို ကျွန်တော်တို့ သေချာလေ့လာကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း မှန်ပါတယ်။ ဒီမှာ ဘာရှိပါသလဲဆိုတော့ အပေါ်မှာ (Rural Health Centre) ကျန်းမာရေးဌာန (၁)ခုရှိပါတယ်။ သူ့အောက်ဘက် တောင်ဘက်မှာကျတော့ Sub Centre (၁)ခု ရှိပါတယ်။ ဒီ Sub Centre ဌာနခွဲ ကလည်း Security အရပေါ့။ လုံခြုံရေးအရ သိပ်ပြီးတော့ Function မလုပ်ဘူး ဖြစ်နေပါတယ်။ ဒီနေရာမှာ တော်တော်လိုအပ်တာတွေကို တွေ့ရပါတယ်။ အချုပ်အားဖြင့် ကျွန်တော် လိုရင်းနဲ့တိုရှင်းပဲ ပြောရမယ်ဆိုလို့ရှိရင်တော့ ဒီမှာ ကျန်တာတွေကို ကျွန်တော် မပြောတော့ပါဘူး။ အကုန်လုံး တိုတိုနဲ့ လိုရင်းပြောမယ်ဆိုရင်တော့ ဒီမေးတဲ့မေးခွန်း(၄)ခုထဲမှာ ကျွန်တော်တို့က(၂)ခုကို ကျွန်တော်တို့ ပေးပါမယ်။ ပေးတဲ့အကြောင်းရင်းတွေရှိတယ်။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ 5 Keys ထဲကနေ လွတ်သွားလို့ ရှိရင်တော့ လုံးဝပေးလို့မရပါဘူး။ သို့သော်လည်း ဒီနေရာဟာ အလွန်ခက်ခဲတဲ့ ဒေသဖြစ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ ဝန်ထမ်းအင်အားကလည်း အရမ်းနည်းနေတဲ့အတွက် ကျွန်တော်တို့ (၂)ခုကိုတော့ ပေးပါမယ်။ ကျွန်တော် လိုရင်းတိုရှင်းဆိုရင်။ ကျန်တဲ့ဟာတော့ မပြောတော့ပါဘူး။

ဂျော်မောအုပ်စု ယက်ယော်ကျေးရွာအစား လမ်းပန်းဆက်သွယ်ရေးကောင်းသော ဂျော်မော ကျေးရွာမှာ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ပေးပါမယ်။ နောက်တစ်ခုက ယော်ဂျောအုပ်စု၊ ယော်ဂျောကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၁)ခုပေးပါမယ်။ သို့သော် ဝဆုတ်ကျေးရွာနဲ့ ဖောင်းဂျာကျေးရွာကိုတော့ လောလောဆယ် မပေးသေးပါဘူး။ သို့သော်လည်း သူတို့ကို ကျွန်တော်တို့ ဒီမှာရှိတဲ့ တစ်ခုတည်းသော ကျန်းမာရေး၊ ဒီ မန်ကျီးနယ်စပ်ဆေးပေးခန်းမှာလည်း သူနာပြုဆရာမ (၁)ယောက်၊ သားဖွားဆရာမ (၁)ယောက်ထဲပဲ ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က လိုအပ်လို့ရှိရင် ဖြည့်ပေးပါမယ်။ ဒီမှာ ခြုံငုံသုံးသပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ အမှန်အတိုင်းပြောမယ်ဆိုရင် ကျန်းမာရေးဝန်ဆောင်မှုက အနည်းငယ် နည်းနေတာဖြစ်တဲ့အတွက် လိုအပ်တဲ့ဝန်ထမ်းတွေကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးမယ့်အပြင် ဒီ Sub Centre မှာရှိတဲ့ ဆေးကအစ လိုအပ်တဲ့ပစ္စည်းတွေကို ကျွန်တော် အထူးဦးစားပေးနဲ့ လုပ်ပေးပါမယ်။ ထို့အပြင် ခုနက ကျွန်တော်တို့ ပေးမယ်ဆိုတဲ့(၂)ခု ကိုလည်း ကျွန်တော် ၂၀၁၈-၂၀၁၉ မှာ ပါအောင် ကျွန်တော်တစ်ခါတည်း လုပ်ပေးပါမယ်။ လုံးဝပါ မှာပါ။ ဒီဟာကတော့ အလွန်လိုအပ်တဲ့အတွက် ကျွန်တော်တို့ လုံးဝပါမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးချစ်ထွေး ၏ မေးခွန်းဖြစ်တဲ့ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာအုပ်စု၊ မြေပြင်သာ ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် လာမည့် ၂၀၁၈-၂၀၁၉ မှာ ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းနဲ့ပတ်သက်၍ ဖြေကြားပါမယ်။

မြို့သစ်မြို့နယ်မှာတော့ ကျွန်တော်တို့က Station Health Unit ဆိုပြီး (၃)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(၉)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၃၄)ခု၊ မိခင်နှင့်ကလေး (၁)ခုနဲ့ ကျွန်တော်တို့ လုပ်လျက်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနေနဲ့ကတော့ ကျန်းမာရေးမှူး

(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၈)ဦး၊ မြို့နယ်သူနာပြု(၁)ဦး၊ ကျန်းမာရေးကြီးကြပ်(၃)ဦး၊ ကျန်းမာရေးဆရာမ(၈)ဦး၊ သားဖွားဆရာမ(၄၈)ဦး၊ ကျန်းမာရေးကြီးကြပ်-၂(၅၇)ဦး၊ ဘက်စုံကျောက်ထိုး (၃)ဦးနဲ့ လူဦးရေ(၂)သိန်းလောက်ကို ကျွန်တော်တို့ ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျန်းမာရေးဌာနအဖြစ် ပြောင်းမယ်ဆိုရင် ကျွန်တော်တို့ အခြေခံမှုရှိပါတယ်။ (၅)ချက်ရှိပါတယ်။ ပထမကတော့ လုံခြုံမှုရှိသလား။ ရှိပါတယ်။ နောက်ဒီကျေးရွာသည် ကျေးရွာအုပ်စု(၁၀)ခုကနေ (၁၅)ခုအထိ ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့နေရာ ဟုတ်သလား။ ဟုတ်ပါတယ်။ (၃၁)ရွာရှိပါတယ်။ သာမန်အားဖြင့် လူဦးရေ (၁၀၀၀၀)ကနေ (၁၅၀၀၀) ရှိရမယ် ဖြစ်ပါတယ်။ ဒီမှာကြည့်တဲ့အခါ (၁၆၈၀၀)ကျော်ရှိတာ။ တွေ့ရပါတယ်။ နောက်တစ်ချက်က အနီးအနားကျေးရွာများမှ ယင်းကျေးရွာသို့ သွားလာမှုလွယ်ကူ၍ ဗဟိုအချက်အချာကျပြီး တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံသို့ လူနာများထပ်ဆင့်ပို့ဖို့ လွယ်သလား။ ဒီကောင်ကတော့ လွယ်ပါတယ်။ သို့သော်လည်း မိုးတွင်းမှာ သိပ်မလွယ်ဘူးဆိုတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီကျေးလက်ကျန်းမာရေးဌာနအဖြစ် လုပ်မယ်ဆိုရင် မူလမှာဌာန(ခွဲ)ရှိနေရမယ်။ ဒီမှာလည်းရှိနေကြတာကို တွေ့ရတဲ့အတွက် အချက်(၅)ခုမှာ အားလုံးမှု(၅)ချက်လုံးနဲ့ ပြည့်စုံတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီမြို့သစ်မြို့နယ်၊ မြေပြင်သာကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးအဆင့်ဌာနအဖြစ်သို့ ဖွင့်လှစ်ပေးဖို့ ကျွန်တော်တို့ ဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း၊ ဒီ ၂၀၁၈-၂၀၁၉ မှာ ထည့်ပေးပါမယ်။ သို့သော်လည်း ထည့်ပေးသော်ငြားလည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ကနေပြီးတော့ ကျွန်တော်တို့ပြန်ပြီး တန်းစီပြီးလုပ်လို့ရှိရင် ဒါပါမယ်ဆိုရင် ၂၀၁၈-၂၀၁၉ မှာ ပါ ပါမယ်။ မပါလို့ရှိရင်တော့ အနည်းဆုံးတော့ ၂၀၁၉-၂၀၂၀ မှာပါဖို့ သေချာပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ၏ မေးခွန်းဖြစ်တဲ့ ကမ်းရိုးတန်းဒေသမှာ ဆေးကုသယာဉ် “Swimming Doctor” အနည်းဆုံး(၁)စီး (သို့မဟုတ်) လုံလောက်စွာချပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်၍ ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။

ဒီမေးခွန်းကလည်း အရေးကြီးတဲ့အတွက် ကျွန်တော် (၁)မိနစ်၊ (၂)မိနစ်လောက်တော့ ပိုကောင်းပိုနိုင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီမေးခွန်းကိုမူတည်ပြီး ကျွန်တော်တို့က ပြန်လည်သုံးသပ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ ဘာတွေလုပ်နေလဲဆိုတာ ပြန်လည်သုံးသပ်တဲ့အခါမှာ ရခိုင်ပြည်နယ်မှာ ဆေးရုံပေါင်း (၆၅)ရုံရှိပါတယ်။ မိခင်နှင့် ကလေးအဆောက်အဦ Maternal And Child Centre (၁၈)ခု ရှိပါတယ်။ Urban Health Centre (၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၈၄)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၅၅၁)ခုရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့က ဒီအချက်တွေကို ကျွန်တော်ဘာကြောင့်ပြောလဲဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း အခြေအနေကတော့ ဒီလောက်မဆိုးပါဘူး။ စစ်တွေဆေးရုံ ဆိုလို့ရှိရင်လည်း ၂၀၁၆ ခုနှစ်မှာ ခုတင်(၂၀၀)ကနေ ခုတင်(၅၀၀)ကို မြှင့်လိုက်ပါတယ်။ ရမ်းဗြဲဆေးရုံဆိုရင်လည်း ခုတင်(၂၅)ခုတင်ကနေ ခုတင်(၅၀)ကို ၂၀၁၆ ခုနှစ်မှာ မြှင့်လိုက်ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း ကျွန်တော်တို့က ကျောက်ဖြူဆေးရုံကို ခုတင်(၁၀၀)ကနေ ခုတင်(၂၀၀)လုပ်လိုက်ပါတယ်။ ထို့အပြင် ၂၀၁၅-၂၀၁၆ မှာလည်း

ကျွန်တော်တို့ Station Hospital ပေါ့။ တိုက်နယ်ဆေးရုံ (၄)ရုံ ထပ်ဆောက်ပေးပါတယ်။ ၂၀၁၆-၂၀၁၇ မှာ တိုက်နယ်ဆေးရုံ နောက်ထပ်(၂)ရုံ ထပ်ဆောက်ပေးပါတယ်။ ၂၀၁၇-၂၀၁၈ မှာ တိုက်နယ်ဆေးရုံ နောက်ထပ် ကျွန်တော်တို့ (၉)ရုံ ထပ်ဆောက်ပေးပါတယ်။

ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေးကတော့ ယခင်ခေတ်တွေနဲ့ စာလို့ရှိရင် တော်တော်ကောင်းပါတယ်။ ကျွန်တော်တို့ ဒီအစိုးရလက်ထက်မှာ လမ်းတွေလည်း ပိုဖောက်တယ်။ အများကြီးလုပ်ပေးတယ်ဆိုတာ တွေ့ရပါတယ်။ ဘတ်ဂျက်အနေနဲ့လည်း လမ်းကို ဝန်ကြီးဌာနကိုပေးသလို ကျွန်တော်တို့ကိုလည်း အများကြီးချပေးတာ ဖြစ်ပါတယ်။ ထို့အပြင် ရန်ကုန် - စစ်တွေ လမ်းမကြီးကလည်း ကောင်းလာပြီဖြစ်တဲ့အတွက် ရန်ကုန် - စစ်တွေကို ရောက်ရင် မောင်တော - စစ်တွေကို ဇက်နဲ့လည်းကောင်း၊ မြေပုံ - မာန်အောင် - ရသေ့တောင် မှလွဲ၍ ကျန်မြို့နယ်ကိုလည်း ကားနဲ့သွားလို့ရပါတယ်။ သို့သော်လည်း ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ကျွန်တော်တို့က အမှန်ကတော့ Swimming Doctor ဆိုတာ Mobile Clinic တွေပါပဲ။ Mobile Clinic တွေမှာ (၂)မျိုးရှိပါတယ်။ ကုန်းကသွားတဲ့ Mobile Clinic နဲ့ ရေမှာသွားတဲ့ Mobile Clinic တွေပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာ ရေမှာသွားတဲ့ Mobile Clinic တွေဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတာ ဂျာမနီက Swimming Doctor 3 ဆိုပြီးတော့ ကျွန်တော်တို့ ဆင်မလိုက်သင်္ဘောကျင်းမှာ ရေချပွဲလုပ်ပါတယ်။ ကျွန်တော်လည်း တက်ပါတယ်။ အခြားဝန်ကြီး(၂)ဦးလည်း တက်ပါတယ်။ တော်တော်ကောင်းတဲ့အစီအစဉ်ပါ။ အဲဒီတော့ ဒီသင်္ဘောကိုလည်း ဆင်မလိုက်သင်္ဘောကျင်းကပဲ ဆောက်ပေးပါတယ်ခင်ဗျား။ ဆောက်ပေးတဲ့အခါမှာတော့ ဒါ ကျပ်သိန်း (၄၀၀၀)ကျော်လောက် ကျပါတယ်။ ဒီသင်္ဘောတစ်စီးက။ တော်တော်လည်း ကောင်းပါတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ခြုံငုံသုံးသပ်တဲ့အခါမှာ ဒီလို Swimming Doctor ဖြစ်ဖြစ် Mobile Clinic တွေဟာ သွားလာရေးခက်ခဲတဲ့ဒေသမှာမှ အသုံးဝင်ပါတယ်။ လုံခြုံရေးကောင်းတဲ့ဒေသတွေမှာ အသုံးဝင်ပါတယ်။ အဲဒီနောက် ကျန်းမာရေး အဆင့်နိမ့်နေတဲ့ နေရာတွေမှာ ဒါလုပ်သင့်ပါတယ်။ နောက် ကျန်းမာရေးဆေးခန်းဖွင့်ဖို့ ခက်ခဲတဲ့နေရာမှာလည်း လုပ်သင့်ပါတယ်။ နောက်ထူးခြားသော ကျန်းမာရေးပြဿနာများ ရှိတဲ့နေရာမှာလည်း ဒါမျိုး သွားသင့်ပါတယ်။ ထို့အပြင် Outbreak,Epidemic ကပ်ရောဂါဖြစ်တဲ့အချိန်မှာလည်း ဒါမျိုးနဲ့ ကျွန်တော်တို့ လုပ်ရပါတယ်။ နောက်ပြီးတော့ ဒီရောဂါတစ်ခု၊ ကြီးကျယ်သောရောဂါတစ်ခု ဖြစ်တော့မယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဒါမျိုးနဲ့သွားပြီး လုပ်ရပါတယ်။ ဆိုလိုတာက ဒီလို Mobile Clinic တွေဟာ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ တော်တော်အရေးကြီးတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အမှန်တိုင်းပြောရမယ်ဆိုရင် ကျွန်တော်တို့က ဒါကို သိပ်မလုပ်ပါဘူး။ နည်းနည်းပဲ လုပ်ပါသေးတယ်။ ရခိုင်ပြည်နယ်မှာ။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ရခိုင်ပြည်နယ်မှာတင် မဟုတ်ပါဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာလည်း ကျွန်တော့်အနေနဲ့ မြစ်ရိုးတစ်လျှောက်မှာ ဒါမျိုး သင်္ဘော (၁)စီးရှိရင် ဟိုးဘက်က မြစ်ကြီးနားကစပြီးတော့ အောက်အထိ ဆင်းလာလို့ရှိရင် မြစ်ရိုးတစ်လျှောက်မှာရှိတဲ့ ပြည်သူများရဲ့ကျန်းမာရေးကို အများကြီးပေးလို့ရပါတယ်။ အဲဒီတော့ Mobile

Clinic တစ်ခုမှာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်က ထည့်ရင် ထည့်သလောက် ရပါတယ်။ထည့်ရင် ထည့်သလောက် ဆိုတာ Mobile Clinic မှာ များသောအားဖြင့်ကတော့ (Minor Surgery) သာမန် ခွဲစိတ်တာလေး။ အနာတွေကို ပြည်ဖောက်တာကအစ၊ ချုပ်တာက အစ အဲ့ဒါမျိုးတွေ လုပ်လို့ရပါတယ်။ နောက် မျက်စိ၊ နား၊ နှာခေါင်း၊ သွား ပါ ပါတယ်။ နောက် အထွေထွေဆေးကု ပါ ပါတယ်။ နောက်တစ်ခုက ကိုယ်ဝန်ဆောင်နဲ့ပတ်သက်ပြီးတော့ ဒီ ဆီးထဲမှာ ပရိုတင်းဓာတ်ပေါ့၊ အသားဓာတ် စစ်တာတို့၊ သွေးထဲမှာ Hemoglobin ပေါ့၊ အဲဒါတွေရှိတာ အကုန်တိုင်းလို့ရပါတယ်။ ထို့အပြင် ကျွန်တော်တို့က Ultrasound တွေလည်း ထည့်လို့ရပါတယ်။ ဖြစ်နိုင်ရင် Portable X-Ray တောင် ထည့်လို့ရပါတယ်။ နောက် ECG Machine၊ နှလုံး ဒါတွေက ပိုက်ဆံလည်း ဘာမှမကုန်ပါဘူး။ တစ်ခုပဲရှိတာက ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့အနေနဲ့က ဒီသင်္ဘောရှိဖို့ လိုပါတယ်ခင်ဗျား။ အဲဒီတော့ ဒီနေရာမှာ ဒီလိုသင်္ဘောကို လှူမယ့် လူတွေရှိလို့ရှိရင်တော့ ကျွန်တော်တို့က အဆင်သင့်ပဲ။ ချက်ချင်းလုပ်ချင်ပါတယ်။ သို့သော်လည်း လှူမယ့်လူကိုတော့ ကျွန်တော် သိပ်မစောင့် ပါဘူး။ ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ မှာ ကျွန်တော် ထည့်ဖို့စဉ်းစားထားပါတယ်။ သင်္ဘောတစ်စီး ကတော့ ကျပ်သိန်း(၄၃၀၀)လောက် ကျပါတယ်။ ဒါ အကြီး၊ အသေးပေါ့။ ကျပ်သိန်း(၄၃၀၀) သင်္ဘောဆိုလို့ရှိရင် တော်တော်လေး နည်းနည်းကြီးပါတယ်။ အဲဒီတော့ ကျပ်သိန်း (၃၀၀၀)လောက်နဲ့ ရမလားဆိုတာ ကျွန်တော်တို့ ဆင်မလိုက်သင်္ဘောကျင်းမှာရှိတဲ့ သက်ဆိုင်ရာ ကျွန်တော်တို့ ဝန်ကြီး ဌာနနဲ့ ညှိပါမယ်။ ထည့်ပြီးတောင်း ကြည့်ပါမယ်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ငွေမဖြတ်ဘူးဆိုလို့ရှိရင်တော့ ကျွန်တော် အမြန်ဆုံး လုပ်ပေးပါမယ်။ ဒါအရေးလည်းကြီးပါတယ်။ နိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ (၂)စီးလောက် ကျွန်တော် တောင်းဖို့ရည်ရွယ်ထားပါတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ ရခိုင်ပြည်နယ်အတွက်ကို (၁)စီးထားမယ်။ ဧရာဝတီတစ်လျှောက်သွားမယ်။ ဧရာဝတီတစ်လျှောက် သွားတဲ့ဟာက လောလောဆယ် ဧရာဝတီမှာ သင်္ဘော(၂)စီးလုပ်နေပါတယ်။ ဒီ သင်္ဘော(၂)စီးကိုလည်း ကျွန်တော်တို့ ပြန်ကြည့်ပါမယ်။ ဒီ ဧရာဝတီကရှိတဲ့ သူတို့(၂)ခုလုပ်တဲ့ မြို့နယ်ရှိပါတယ်။ ဒီမှာ (၂)ခု လုပ်ထားတာက အဲဒီ(၂)ခုတင်မကပါဘူး။ သူက ဖျာပုံနဲ့ဘိုကလေး၊ ဒီ ဖျာပုံနဲ့ ဘိုကလေး (၂)ခုထဲ ပတ်လို့မရဘူး။ သူ့ကိုလည်း ကျွန်တော်တို့ တိုင်းဒေသကြီးမှူးနဲ့ကြည့်ပြီး ဖျာပုံ၊ ဘိုကလေးအပြင် အခြား ဧရာဝတီမှာရှိတဲ့ ရေလမ်းတွေမှာ လုပ်လို့မရဘူးလား။ ဒါလုပ်ဖို့ လိုပါတယ်။ ဘာလို့လဲဆိုတော့ လူတွေက ဆေးခန်းကိုသွားဖို့ဆိုတာ အချိန်ကုန်တယ်။ ပိုက်ဆံကုန်တယ်။ မရနိုင်ဘူး။ အဲဒီတော့ ဒီဟာကို ကျွန်တော်တို့ လုပ်ပေးလို့ရှိရင် ကျွန်တော်တို့ ရည်မှန်းတဲ့ Universal Health Coverage နဲ့ Sustainable Development ဒါတွေက ဒါလုပ်မှဖြစ်မယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးလိုက်တဲ့အခါမှာ ကျွန်တော် အကြံရသွားပါတယ်။ ဒါကို လုပ်လို့ရှိရင်တော့ ကျွန်တော်တို့ ပိုပြီးတော့ ကုန်းက လုပ်တာထက် ရေမှာလုပ်တာလည်း အရေးကြီးတယ်ဆိုတာကို ကြည့်တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို မေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒါကိုတော့ အဓိကထားပြီးတော့ Strategy ပေါ့လေ။ မဟာဗျူဟာ၊ နည်းဗျူဟာချပြီး ကျွန်တော်တို့ ဘယ်လို လုပ်မလဲ စဉ်းစားမယ်။ နောက်တစ်ခုက ဒီမှာ အကယ်၍သာ အလှူရှင်ပေါ်လို့ တစ်စီး ဆောက်ဖို့လှူ မယ်ဆိုရင် ဆေးရော၊ ဆရာဝန်ရော၊ သူနာပြုရော အကုန်ထည့်ဖို့က ကျွန်တော် ဝန်မလေးပါဘူး။

အဲဒီတော့ ကျွန်တော့်အနေနဲ့ အဲဒီလောက်ပဲ ဖြေချင်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**လျှပ်စစ်မီးကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသော ရေးမြို့နယ်အတွင်းရှိ ပြည်သူများကို မဟာဓာတ်အားလိုင်း မရောက်ရှိသေးမီစပ်ကြား ကုန်ကျစရိတ် အထိုက်အလျောက် သက်သာမှုရှိစေရန် နိုင်ငံတော်မှ မည်ကဲ့သို့ ယာယီ ထောက်ပံ့ ကူညီမှုပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စီစဉ်ဆောင်ရွက်လျက်ရှိသော မဟာဓာတ်အားလိုင်း စီမံကိန်းသည် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်သို့ ရောက်ရှိမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က လျှပ်စစ်မီးကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသော ရေးမြို့နယ်အတွင်းရှိ ပြည်သူများကို မဟာဓာတ်အားလိုင်း မရောက်ရှိသေးမီစပ်ကြား ကုန်ကျစရိတ် အထိုက်အလျောက်သက်သာမှုရှိစေရန် နိုင်ငံတော်မှမည်ကဲ့သို့ ယာယီထောက်ပံ့ ကူညီမှုပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စီစဉ်ဆောင်ရွက်လျက်ရှိသော မဟာဓာတ်အားလိုင်းစီမံကိန်းသည် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်သို့ ရောက်ရှိမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ မေးခွန်းရဲ့ ပထမပိုင်းအနေနဲ့ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ရေးမြို့မှာ မီတာခ ဈေးကြီးမိနေတဲ့ ပြည်သူတွေကို လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအကူအညီ ပေးနိုင်မလဲဆိုတာကို မေးမြန်းလိုပါတယ်။ ဒီအပ်ကြောင်းထပ်နေတဲ့ လျှပ်စစ်ဓာတ်ပြားကို လွှတ်တော်ထဲ ပြန်မဖွင့်ပြချင်ပေမယ့် တစ်ဖက်က မဲဆန္ဒရှင်များရဲ့ဆန္ဒကို အလေးထားရတာကလည်း ကိုယ်စားလှယ်ရဲ့ တာဝန်ဖြစ်နေတော့ မီးမရမချင်းကတော့ မေးနေရဦးမှာဖြစ်ပါတယ်။

မွန်ပြည်နယ်၊ (၁၀)မြို့နယ်မှာ ရေးမြို့နယ်ဟာ အကျယ်ဆုံး၊ ဒုတိယလူဦးရေအများဆုံး မြို့တစ်မြို့၊ ပြည်ထဲရေး အမည်ပေါက်ရွာ(၁၄၈)ရွာ၊ တစ်နိုင်ငံလုံးမှာ ကွမ်းသီး၊ ဒူးရင်း၊ ရာဘာ အထွက်ဆုံး၊ မွန်ပြည်နယ်မှာ ရေထွက်ပစ္စည်းအများဆုံး ထုတ်လုပ်ပြီး နိုင်ငံ့ GDP တိုးအောင် ဖြည့်ဆည်းနေတဲ့ မြို့နယ်ဖြစ်ပေမယ့် ခေတ်အဆက်ဆက် အစိုးရတွေက သူတို့ ပြန်ဖြည့်ဆည်းပေးရမှာကိုတော့ မေ့လျော့နေပုံရပါတယ်။ လျှပ်စစ်မီးမှိန်မှိန်ကို တစ်နေ့(၁)နာရီနှုန်းနဲ့ လာလိုက်ပျက်လိုက် ဖြစ်နေတဲ့ဒဏ်ကို မခံစားနိုင်ကြတော့လို့ လုပ်ငန်းရှင်တစ်ဦးက တာဝန်ယူ၊ မီတာ(၁)လုံးကို ရှစ်သောင်းကနေ သုံးသိန်းထိ ထည့်ဝင်ပြီး စက်ဝယ်၊ ဆီစိုက်၊ မြို့နယ်လျှပ်စစ်နဲ့ စာချုပ်ချုပ်၊ ကိုယ်ထူကိုယ်ထ မီးလင်းခဲ့ရတာဟာ တစ်ယူနစ်ကို (၄၅၀ ကနေ ၅၅၀ ) အကြားနဲ့ မချစ်သော်လည်း အောင့်ကာနမ်းလာခဲ့ကြရတာ (၇)နှစ်

လောက်ရှိပါပြီ။ မီတာခ ဈေးကြီးတဲ့အပေါ် အသံတွေထွက်လာလို့ အခု ဒီထက်ဈေးလျော့အောင် HFO နဲ့လည်မယ့် Dual Power Plant တစ်လုံးကို ဂျာမနီကမှာပြီး တပ်ဆင်မှာဖြစ်ပါတယ်။ ဒါက နိုင်ငံတော်က တာဝန်မယူနိုင်သေးလို့ ဒေသခံတွေက ပုဂ္ဂလိကလုပ်ငန်းရှင်အပေါ်မှာပဲ အားကိုးဖြေရှင်းနေရတာကို တင်ပြခြင်းဖြစ်ပါတယ်။ အခုဆို ကျွန်တော်တို့ ရေးမှာ လျှပ်စစ်ဓာတ်တွေ ငတ်နေကြတာဆိုတာကို သိတဲ့အတွက်ကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေကလည်းပဲ အပြိုင်အဆိုင် ဆင်းလာကြပါတယ်။ မီးတိုင်တွေလည်းပဲ ရွာလမ်းတွေမှာ လမ်းရဲ့ ဟိုဘက်၊ ဒီဘက် ပြည့်နေပါပြီ။ တချို့နေရာတွေဆိုလို့ရှိရင် ထူစရာမရှိတော့လို့ ကြိုးဆွဲထားပြီးသားလိုင်းကြားတွေကို ဓာတ်တိုင် အတင်းထိုးထည့်ပြီး ထောင်ထားတဲ့လိုင်းတောင် ရှိပါတယ်။ နောက်တစ်ကုမ္ပဏီသာ ဆင်းလာရင်တော့ လမ်းအလယ်တည့်တည့် ထောင်ဖို့ပဲ ရှိပါတော့တယ်။

ဒါပေမဲ့ အခြားဒေသနဲ့ တန်းတူဈေးနဲ့ လျှပ်စစ်မီးသုံးနိုင်ဖို့ကတော့ ဒေသခံတွေ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ မဟာဓာတ်အားလိုင်းမရောက်သေးတဲ့ မြို့နယ်တွေအတွက် လျှပ်စစ်ဝန်ကြီးဌာနက စက်ဝယ်ပေး၊ ဆီဝယ်ပေး၊ ယူနစ်ဈေးကိုအများနည်းတူ သုံးနိုင်အောင် အရှုံးခံပေးနေပေမယ့် ကျွန်တော့်တို့ ရေးမှာက ဘာမှမပေးတဲ့အပြင် ကိုယ့်ဟာကိုယ်ရုန်းနေတဲ့ လူတွေဆီကနေတောင် တစ်ယူနစ် တစ်ဆယ်ကျပ်နှုန်းနဲ့ ဝန်ကြီးဌာနက ကောက်ခံလိုက်ပါသေးတယ်။ တစ်နိုင်ငံလုံးအရှုံးပြနေတဲ့ လျှပ်စစ်ဌာနကတော့ ရေးမှာ တစ်နှစ် ကျပ် (၂၅) သန်းလောက်တော့ ကိုက်နေပါတယ်။

၂၀၁၇-၂၀၁၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဦးစီးဌာနက စက်လည်ရန် လောင်စာဝယ်ယူခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျပ်သန်းပေါင်း တစ်သန်း တစ်သိန်းကျော်၊ ဘီလီယံနဲ့ဆိုရင် တစ်ထောင့်တစ်ရာ ဘီလီယံကျော် သုံးစွဲထားတာ တွေ့ရပါတယ်။ အဲဒီ ကုန်ကြမ်းဆိုတာ ဒီဇယ်ဆီတို့လို လောင်စာဆီကိုပြောတာ ဖြစ်ပါတယ်။ ဒီအထဲမှာ ရေးမြို့ မီးလင်းဖို့အတွက် မပါတာကတော့ သေချာပါတယ်။ တကယ်လို့ ဒီအထဲက စက်လည်ဖို့ ဆီခွဲပေးမယ်ဆိုရင်တော့ မီတာခ အတိုင်းအတာတစ်ခုအထိ ကျလာမှာဖြစ်လို့ ဒီနည်းနဲ့ ကူညီပေးနိုင်မလား။ ဒါမှမဟုတ် အခြား ဘယ်လိုနည်းနဲ့များ National Grid မရောက်မီစပ်ကြား ကူညီဖြေရှင်းပေးနိုင်မလဲဆိုတာ မေးမြန်းခြင်းဖြစ်ပါတယ်။ ဒုတိယတစ်ပိုင်းက ကျွန်တော့်ရဲ့ ပထမဆုံး လွှတ်တော်မေးခွန်းရဲ့အဆက် မဟာဓာတ်အားလိုင်းကိစ္စပါ။ Exim Bank ချေးငွေနဲ့လုပ်မယ့် (၂၃၀) ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းကို ၂၀၁၆ - ၂၀၁၇ မှာ လုပ်ပေးမယ်လို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ လျှပ်စစ်ဝန်ကြီးဌာနက လာဖြေထားခဲ့ပါတယ်။

အစိုးရသစ်တက်လာပြီး အဲဒီချေးငွေကို ဖျက်လိုက်တယ်ကြားတော့ ရေးကလူတွေ မချိတင်ကဲ ခံစားရပါတယ်။ ကိုယ်မဲပေးတင်မြှောက်ထားတဲ့ အစိုးရဖြစ်တော့လည်း အောင့်အည်းသည်းခံနေကြပါတယ်။ ဒီကိစ္စကို ဘယ်လိုအစားထိုးပေးမှာလဲလို့ လွှတ်တော်ထဲ ကျွန်တော်မေးတော့ အနားယူလိုက်ပြီဖြစ်တဲ့ လျှပ်စစ်ဝန်ကြီးက ADB ချေးငွေက ရတော့မလိုလိုနဲ့ ပြန်ဖြေလို့ ကျွန်တော် ဆက်စပ်မေးခွန်း မေးတဲ့အခါ ကိုယ်စားလှယ်တော်ကြီးက အစိုးရိမ်လွန်နေတာပါလို့ ပြန်ဖြေခဲ့တာ အခုဆိုရင် လွှတ်တော်သက်တမ်းလည်း တစ်ဝက်ကျိုးပါတော့မယ်။ အစိုးရတစ်ရပ်ဆိုတာ အရင်အစိုးရရဲ့ ကောင်းမွေ၊ ဆိုးမွေကို ဆက်ခံကြရတာ ဓမ္မတာဖြစ်ပါတယ်။

လျှပ်စစ်ဝန်ကြီးဌာနက အစရင်လွှတ်တော်မှာ ကတိကဝတ်ပြုခဲ့တာကို မိမိလက်ထက်မှာ အကြောင်းတစ်စုံတစ်ရာကြောင့် ပြောင်းလဲဆောင်ရွက်ရတယ်ဆိုရင်လည်း အမြန်ဆုံးပြန်လည် ဖြည့်ဆည်းပေးရမယ့် တာဝန်ရှိပါတယ်။ နို့မို့ဆိုရင် မှတ်တမ်းလည်းမကောင်းပါဘူး။ အခု ဒီ ၂၀၁၈ ဘတ်ဂျက်မှာ ၆၆ကေဗွီ သံဖြူဇရပ်-ရေး ဓာတ်အားလိုင်း မိုင်(၆၀) Survey တိုင်းခြင်းအတွက်ဆိုပြီး ကျပ်(၁၀)သန်း တောင်းခံထားတာ တွေ့ရပါတယ်။ ဒါဟာ မူလ(၂၃၀)ကို အစားထိုးတာလားဆိုတာ သိချင်ပါတယ်။ ဒီ့အပြင် (၂၃၀)ကေဗွီ ဓာတ်အားလိုင်းအတွက် ADB ချေးငွေ အခြေအနေနဲ့ စတင်အကောင်အထည် ဖော်မယ့်ကာလကိုလည်း ရေရေရာရာ သိလိုပါကြောင်း မဲဆန္ဒရှင်များကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်မှာ National Grid ကနေ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်းမရှိခဲ့တာ မှန်ပါတယ်။ ထိုနယ်မြေဒေသများရဲ့ ယခင်ကာလများက ငြိမ်းချမ်းရေး အခြေအနေများကြောင့်လည်း လုံခြုံရေးကောင်းမွန်မှုမရှိတဲ့အတွက်ကြောင့် တည်ဆောက်ရေးလုပ်ငန်းများ တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ကအစ များစွာအကန့်အသတ် ရှိခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာ ရေးမြို့နယ်မှာ မြတ်သူရကုမ္ပဏီကနေပြီးတော့ ဒီဇယ်မီးစက်နှင့် ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

အဆိုပါဒေသကို National Grid မရောက်ရှိမီမှာ လျှပ်စစ်ဓာတ်အား ယခုထက်ပိုပြီး တိုးတက်ရရှိရန်နှင့် လျှပ်စစ်ဓာတ်အားခ ဈေးနှုန်း ယခုထက်ပိုမို လျှော့နည်းကျဆင်းရေးအတွက်ကို မွန်ပြည်နယ်အစိုးရကနေ ဆောင်ရွက်လျက်ရှိတာကတော့ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များမှာ (၃၀)မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်မယ့် FO လောင်စာသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချမယ့် ပဋိညာဉ်စာချုပ်ကို မွန်ပြည်နယ်အစိုးရနှင့် အရှေ့တောင် အထွေထွေစွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီတို့ ၁၅-၂-၂၀၁၇ ရက်နေ့မှာ လက်မှတ်ထိုးပြီးတော့ ဆောင်ရွက် လျက်ရှိတာ ဖြစ်ပါတယ်။

သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာအနီးမှာလည်းပဲ နောက်ထပ် (၃၀)မဂ္ဂါဝပ် FO လောင်စာသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးတော့ အနီးအနားမှာရှိတဲ့ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဖို့လုပ်ငန်းကိုလည်းပဲ မွန်ပြည်နယ်အစိုးရကနေ Betok Construction and Engineering ကုမ္ပဏီကို လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ မွန်ပြည်နယ်ရဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာဖို့အတွက် ဝန်ကြီးဌာနကနေ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ National Grid ဓာတ်အားလိုင်းတွေ ရရှိတည်ဆောက်ဖို့ရာ အစီအစဉ်ကို ဆက်လက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့် တင်ပြအပ်ပါတယ်။ လက်ရှိ မော်လမြိုင်မြို့မှာ National Grid က ရောက်ရှိပြီးတော့ လျှပ်စစ်ဓာတ်အားပေးနေနိုင်တာ ဖြစ်တဲ့အတွက်ကြောင့် မော်လမြိုင်မှသည် သံဖြူဇရပ်သို့ (၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၄၀)ကျော်နှင့် (၆၆)ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးရယ် (၆၆/၃၃) (၁၀)အမ်ဗွီအေ ထရန်စဖော်မာ (၂)လုံး ပါဝင်တဲ့ ဓာတ်အားခွဲရုံစီမံကိန်းကို သံဖြူဇရပ်မြို့မှာ တည်ဆောက်ဖို့ တန်းကီးစနစ်နှင့် ငွေကျပ်သန်းပေါင်း (၉၈၀၀)ခန့် အကုန်အကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဓာတ်အားလိုင်းပြီးစီးမှုဟာ (၃၃)ရာခိုင်နှုန်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်မှုဟာ (၈၀)ရာခိုင်နှုန်းနီးပါး ပြီးစီးကာ ၂၀၁၈ ခုနှစ်မှာ ပြီးစီးအောင် လျာထားဆောင်ရွက်နေတာဖြစ်ပါတယ်။

အဆိုပါ သံဖြူဇရပ်ခွဲရုံ ပြီးစီးလာတဲ့အခါကျရင် သံဖြူဇရပ်မှသည် ရေးသို့ နောက်ထပ်(၆၆) ကေဗွီ ဓာတ်အားလိုင်း မိုင်(၆၀)နှင့် ရေးမြို့နယ်မှာ (၆၆/၁၁)ကေဗွီ (၅) အမ်ဗွီအေ ရေးဓာတ်အားခွဲရုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအတွင်းမှာ ရန်ပုံငွေ ကျပ်သန်းပေါင်း (၁၂၇၄)ခန့်ကို ထည့်သွင်းလျာထားတင်ပြပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တည်ဆောက်ရေးကာလကတော့ (၂)နှစ်ခန့် အချိန်ယူရမှာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ National Grid ကနေ ရေးမြို့နယ်ကို စတင်ဓာတ်အားရောက်ရှိအောင် ဝန်ကြီးဌာနက ကြိုးပမ်း ဆောင်ရွက်ပေးမယ် ဆိုတာလေးကို တင်ပြလိုပါတယ်။

တစ်ချက် ဖြည့်စွက်တင်ပြလိုတာကတော့ အဆိုပါ (၆၆)ကေဗွီဓာတ်အားလိုင်း တည်ဆောက်မှုဟာ နဂိုက China Exim Bank ရဲ့ ချေးငွေ အစီအစဉ် ပျက်ပြယ်သွားတဲ့အတွက်ကြောင့် အစားထိုး ဆောင်ရွက်ပေးနေတဲ့ အစီအစဉ် မဟုတ်ပါကြောင်းတော့ ရှင်းလင်းတင်ပြလိုပါတယ်။ သံဖြူဇရပ်မှသည် ရေးကို တည်ဆောက်လာတဲ့ (၆၆)ကေဗွီလိုင်းရဲ့ အထွက်ကနေပြီးတော့ နောက်ထပ် မိုင်ဝက်ခန့်ကို တည်ဆောက်ကာ သံဖြူဇရပ်မှသည် အနင်းကျေးရွာမှ (၆၆/၁၁)ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အား ခွဲရုံတစ်ရုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ လမိုင်းမြို့အတွက်ကို ၆၆ ကေဗွီ ဓာတ်အားလိုင်း(၂)မိုင်နှင့် (၆၆/၁၁)ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ ရေးမြို့မှာ (၆၆)ကေဗွီ ဓာတ်အားခွဲရုံကနေပြီးတော့၊ ခေါဇာမြို့ကို (၆၆)ကေဗွီ ဓာတ်အားလိုင်း (၁၈)မိုင်နှင့် ခေါဇာမြို့မှာ (၆၆/၁၁)ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း တည်ဆောက်ဖို့အတွက်ကို ဝန်ကြီးဌာနရဲ့ (၅)နှစ် စီမံကိန်းမှာ ထည့်သွင်းလျာထားပြီး နှစ်အလိုက် ဘတ်ဂျက်များကို လျာထားတင်ပြတောင်းခံကာ ရရှိမှုအရ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံ အသီးသီးများက

ပြီးစီးလာတဲ့အခါကျရင် ပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးဖို့ လိုအပ်တဲ့ (၁၈) ကေဗွီ ဓာတ်အားလိုင်းများနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်းများ (၁၁)ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ရေးလုပ်ငန်းများကိုတော့ မွန်ပြည်နယ်အစိုးရနှင့် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာန ကနေ ညှိနှိုင်းပြီး ထည့်သွင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး သိရှိလိုတဲ့ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်း မိုင်(၁၈၀) နှင့်(၂၃၀)ကေဗွီ ဓာတ်အားလိုင်း ဓာတ်အားခွဲရုံ နှစ်ရုံ တည်ဆောက်ဖို့ရာ ယခင်က China Exim Bank ချေးငွေဟာ ယခုလွှတ်တော်သက်တမ်း ဒီဘက်အစိုးရသစ်ကာလမှာ အတိုးနှုန်းမြင့်မားတဲ့အတွက်ကြောင့် ပျက်ပြယ်သွားခဲ့ပါတယ်။ ဒီအတွက်ကြောင့် မိမိတို့ကနေပြီးတော့ အတိုးနှုန်းပိုမိုသက်သာတဲ့ အာရှ ဖွံ့ဖြိုးရေးဘဏ် ADB ထံကနေ ချေးငွေရရှိဖို့ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ၎င်းတို့ရဲ့ ဘတ်ဂျက်နှစ်ကာလအရ မိမိတို့ဝန်ကြီးဌာန ဆွေးနွေးတဲ့အချိန်မှာ သူတို့ရဲ့ ဘတ်ဂျက်တွေဟာ ခွင့်ပြုငွေတွေပိတ်သွားပြီ ဖြစ်တဲ့အတွက်ကြောင့် New Budget၊ Period ခွင့်ပြုချက်ကျမှ ခွင့်ပြုချက် ရရှိမှာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ချေးငွေဘတ်ဂျက်တွေ အသစ်စပြီး အကောင်အထည်ဖော်တဲ့ကာလဟာ ၂၀၁၈ ခုနှစ် ဖြစ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနက ကြိုတင်ဆွေးနွေးသော် လည်းပဲ ADB ဘက်က ချေးငွေ စတင်ပေးနိုင်တဲ့ကာလဟာ မရောက်ရှိသေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီချေးငွေကို ရယူနိုင်ခြင်း မရှိသေးတာ ဖြစ်ပါတယ်။ မဆောင်ရွက်နေတာ မဟုတ်ဘူးလို့ တင်ပြလိုတာ ဖြစ်ပါတယ်။ ဒီအတွက် လုပ်ငန်းများ မကြန့်ကြာစေဖို့အတွက် ADB နှင့် ကျွန်တော်တို့က ဘယ်လို ဆွေးနွေးသလဲဆိုရင် Feasibility Study လုပ်ငန်းတွေ၊ Survey လုပ်ငန်းတွေ၊ Public Consultation လုပ်ငန်းတွေ ဒါတွေကို ချေးငွေမရသည့်တိုင် ကြိုတင်ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း ပိုပြီးတော့ မီနိုင်မယ်။ ချေးငွေ မရသေးရင်တောင် ဒါတွေကို ကြိုလုပ်ပါရစေ ဆိုပြီးတော့ ၎င်းတို့ရဲ့ သဘောတူညီချက်နှင့် ကျွန်တော်တို့ ဒါတွေကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ဒီ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး စိတ်ဝင်စားတဲ့ မော်လမြိုင်-ရေး-ထားဝယ် (၂၃၀)ကေဗွီ ဓာတ်အားလိုင်းနှင့် (၂၃၀)ကေဗွီ ခွဲရုံကြီး နှစ်ရုံတည်ဆောက်ဖို့ လိုအပ်တဲ့ အမေရိကန် ဒေါ်လာ သန်း(၄၀၀)နှင့် ချေးငွေကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွန်တော်တို့ ချေးယူဖို့ လုပ်ငန်းကို ဒီ ၂၀၁၈ ခုနှစ်အတွင်းမှာ လွှတ်တော်ကို တင်ပြအတည်ပြုချက်ရယူပြီးတော့ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အဆိုပါချေးငွေရယူဖို့ အစီအစဥ်ကို လွှတ်တော်ကို မိမိတို့ ဝန်ကြီးဌာနက တင်ပြလာတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ရပ်လုံးက ထောက်ခံမဲ အပြည့် ကန့်ကွက်မဲ (၀)ဖြင့် အတည်ပြုပေးနိုင်ပါရန် တင်ပြရင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ စက်သား - အလယ်ချောင်း - ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်း ဆက်လမ်းကို ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ စက်သား - အလယ်ချောင်း - ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်း ဆက်လမ်းကို ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြောက်ဦးမြို့နယ်၊ အနောက်တောင်ဘက်မှာ ရှိနေတဲ့ စက်သား - အလယ်ချောင်း - ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်းဆက်လမ်းဟာ (၁၂)မိုင်ကျော် ရှည်လျားပါတယ်။ ပြည်နယ်အစိုးရရဲ့ ခွင့်ပြုဘဏ္ဍာငွေကျပ် (၂၅၅)သိန်းကျော်ဖြင့် (၃)မိုင်ကျော်ခန့် မြေသားလမ်းနှင့် တံတားများကို အကောင်အထည်ဖော် ဆောင်ရွက်ထားပြီးကြောင်းလည်း သိရပါတယ်။ ဒီလမ်းကို ပြီးစီးအောင်အထိ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါက ဒေသခံလူဦးရေ (၁၅၀၀၀)ကျော်ရဲ့ သွားရေးလာရေး အတွက် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လူမှုစီးပွားဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ ဒေသရဲ့လိုအပ်နေသော စက်သား-အလယ်ချောင်း-ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်းဆက်လမ်းကို ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် စက်သား-အလယ်ချောင်း-ဇီးပင်ကြီး-နတ်ချောင်း ကျေးရွာချင်းဆက်လမ်းကို ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦးမြို့နယ်အတွင်းရှိ စက်သား - အလယ်ချောင်း - ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်းဆက်လမ်း အရှည်(၁၂)မိုင်သည် ဒေသခံများနှင့် ရခိုင်ပြည်နယ်အစိုးရရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကိုယ်ထူကိုယ်ထဖောက်လုပ်ထားတဲ့ လမ်းကလေး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းပိုင်းအချို့ကို ဆက်လက်ဆောင်ရွက်လျက် ရှိပြီးတော့ လက်ရှိမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်းမှာ ပါဝင်ခြင်း မရှိသေးပါဘူး။ အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်လို့ရှိရင်တော့ ကျေးရွာပေါင်း(၁၀)ရွာနှင့် ကျေးလက်နေ လူဦးရေ (၁၅၃၀၀)ဦးခန့်ကို အကျိုးပြုမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်း အမည်ပေါက် သိမ်းသွင်းမည်ဆိုပါက ပထမဦးစွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးကို တင်ပြဆောင်ရွက်သွားရမှာ ဖြစ်ပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အတွင်းရှိ စက်သား - အလယ်ချောင်း - ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်းဆက်လမ်းနှင့် ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းဖို့ အတွက်ကို ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းပြီး သွားလို့ရှိရင် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံသွားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒေါ်ကျိန်ငိုက်မန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ပါစေလို့ ကျွန်မ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်မှုအရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို

ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၈ - ၁၃၄

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးမှ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ၂၀-၂-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်း ခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်** ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော **ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့်အစီအစဉ်** ဆိုသည့်စကားရပ်ကို **ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့်အစီအစဉ် အပြည့်အစုံ** ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် အပိုဒ် ၄၊ ပုဒ်မ ၁၈ တွင်ဖော်ပြထားသော **ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း** ဆိုသည့် စကားရပ်ကို **ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးတို့ကို ပျက်ပြားစေရန် ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်ရှင်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်** ဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီး ဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈ - ၂ -၂၀၁၈ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန် ၁၀း၅၉။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၀း၅၉ နာရီအချိန်တွင်ရပ်နားပါသည်။]

J9